# ငြိုမဒီဖော့တဲ့ပန်းတစေခါဒီး

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ၅ နှစ်ခန့်လောက်က တစ်နေ့သော စနေနေ့ညနေ၌ ကျွန်တော်သည် အလွန်ချစ်ခင်ရင်းနှီးသော မိတ်ဆွေ ဒေါက်တာသိန်းတန်နှင့် ဇနီးတို့က တည်ခင်းကျွေးမွေးသော ညစာစားပွဲသို့ ဖိတ်ကြားသဖြင့်သွားရောက်ခဲ့၏။ ဒေါက်တာသိန်းတန်၏ အိမ်မှာ တောင်ဒဂုံ(မြို့ပတ်)လမ်းရှိ ကျယ်ဝန်းသော ခြံတစ်ခြံအတွင်း၌ ရှိနေရာ ခြံတစ်ခြံလုံးကို အလံကလေးများ၊ ရောင်စုံမီးလုံးများဖြင့် မွမ်းမံခြယ်လှယ်လျက် ဥယျာဉ်အတွင်းရှိ ပန်းများသည်လည်း လှပတင့်တယ်စွာ ရှိနေလေသည်။

မောင်သိန်းတန်မှာ အိုင်အေ အထက်တန်းတွင် ကျွန်တော်နှင့် ကျောင်းအိပ်ကျောင်းစား တစ်ခန်းတည်းနေခဲ့ဖူးသော ကျောင်းနေဘက် သူငယ်ချင်းဖြစ်ရာ ကျွန်တော်မှာ အိုင်အေ အထက်တန်းအောင်ပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် ထွက်ခဲ့ရ၏။ သူသည် ဒီဂရီရသည်အထိ ပညာကို ဆက်လက်သင်ကြားပြီးနောက် ယခုအခါ ဘိလပ်ပြန်ခေါ် နာမည်ကြီးဆေးဆရာဝန်ကြီးတစ်ယောက်ဖြစ်၍နေရာ ကျွန်တော့်မှာမူ

ဝင်ငွေနည်းလှသော သတင်းစာအယ်ဒီတာနှင့် စာရေးဆရာဘဝ၌ပင် ရှိနေသေး၏။ ဝင်ငွေအားဖြင့်မူ ဆင်နှင့်ဆိတ်မျှ ကွာခြားသော်လည်း ကျွန်တော်၏ သဘောအရေးအားဖြင့် မောင်သိန်းတန်နှင့် အဆင့်အတန်း ဂုဏ်ရည်တူမျှ ရှိနေသည်ထင်၏။ မောင်သိန်းတန်ကလည်း ထိုနည်းအတူယူဆလေသည်၊ အခြားအထက်တန်းလွှာများကမူ ဤကဲ့သို့ ယူဆဟန်မတူချေ။

မောင်သိန်းတန်သည် တစ်စုံတစ်ရာ စိတ်ပြောင်းလဲခြင်းမရှိဘဲ ကျွန်တော့်အား ခေါ်ငင်ဆက်ဆံလေရာ ငယ်စဉ်က အတိုင်း ပေါင်းသင်းဆက်ဆံလေရာ၊ ဤကဲ့သို့ သဘောထားကြီးသော မိတ်ဆွေသူငယ်ချင်းမျိုး ရှားပါးသည်ဟု ကျွန်တော်အောက်မေ့မိ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်နှင့် ကျောင်းနေဘက်ဖြစ်၍ မြို့အုပ်၊ ဝန်ထောက်ဖြစ်နေကြသော သူငယ်ချင်းအချို့မှာ ကျွန်တော်နှင့်ဆက်ဆံရာတွင် သူတို့၏ အပြောအဆို၊ အနေအထိုင်၊ ပြုမူပုံတို့ကို အကဲခတ်မိသောကြောင့် ဖြစ်လေသည်။

ဒေါက်တာသိန်းတန်မှာ လွန်ခဲ့သော တစ်လခန့်ကမှ လက်ထပ်သဖြင့် ယခု ညစာစားပွဲမှာ ရင်းနှီးသော မိတ်ဆွေတစ်စုအား ဖိတ်ကြားဧည့်ခံသောပွဲဖြစ်၏။ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များမှာလည်း အစိုးရအထက်တန်းအရာရှိကြီးများ၊ ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာအရာရှိများ၊ အချို့ စစ်ဘက်ဆိုင်ရာ အရာရှိကြီးများဖြစ်လေသည်။

မောင်သိန်းတန် လက်ထပ်စဉ်က ကျွန်တော်သည် ကိစ္စတစ်ခုနှင့် ပြည်မြို့သို့ ရောက်ရှိနေရာ ပြန်လာသောအခါမှ မောင်သိန်းတန်မှာ လက်ထပ်ပြီးစီးကြောင်း လက်ထပ်ပွဲကိုလည်း အကျယ်မချဲ့ဘဲ "စီအာနာကာစီး" ဟိုတယ်၌ လူ ၅၀ ခန့်သာ ဖိတ်ကြားဧည့်ခံ၍ အကျဉ်းရုံးလက်ထပ်လိုက်ကြောင်း သိရ၏။



ဒေါက်တာသိန်းတန်၏ဇနီးမှာ အမိမြန်မာ၊ အဖအင်္ဂလိပ်လူမျိုးဖြစ်၍ ကွန်ဗင့်ကျောင်းတစ်ကျောင်းတွင် ဆရာမဖြစ်လေသည်၊ အမည်မှာ "မားဂရက်လောရင်း"ဖြစ်၏။ မောင်သိန်းတန် ဘိလပ်သို့သွား၍ ဆေးဒီဂရီမယူမီ မြို့ပတ်လမ်းရှိ အိမ်ကြီး၌နေထိုင်ခဲ့ရာ ထိုအခါက မားဂရက်သည် မောင်သိန်းတန်အိမ်နှင့် အနီးဆုံးအိမ်နီးချင်းတစ်ယောက်ဖြစ်၏။ ထိုအခါကပင် တစ်ဦးနှင့်တစ်ဦး တစ်နေ့တစ်ခြားရင်းနှီးလာခဲ့ပြီးလျှင် နောက်ဆုံး မောင်သိန်းတန်ပြန်လာသည့်အခါ၌ နှစ်ဦးသဘောတူ လက်ထပ်လိုက်ကြောင်း သိရလေသည်။

ကျောင်းနေဘက်သူငယ်ချင်းဖြစ်၍ အလွန်ခင်မင်ရင်းနှီးခဲ့သော်လည်း မိမိတို့အလုပ်ကိုင်နှင့် မိမိတို့ဖြစ်၍တစ်ယောက်နှင့်တစ်ယောက် မတွေ့ခဲ့ရသည်မှာ ၃ နှစ်ကျော်မျှပင် ကြာခဲ့လေပြီ။

စားပွဲမစားမီ ပန်းဥယျာဉ်အတွင်းတွင် အချို့ ခုံရှည်များပေါ်၌လည်းကောင်း၊ အချို့သစ်ပင်များအောက်၌လည်းကောင်း နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ စသည်ဖြင့် မိမိတို့အပေါင်းအသင်းတည့်ရာ ဝိုင်းဖွဲ့လျက် အရက်များသောက်ကာ စကားစမြည်ပြောဆိုလျက်ရှိကြကုန်၏။ ကျွန်တော်မှာ အင်္ဂလိပ်သတင်းစာတိုက်ကြီးတစ်တိုက်မှ သတင်းထောက်တစ်ယောက်နှင့်အတူ ရေပန်းကလေးတစ်ခုအနီး၌ရပ်ကာ အရက်မသောက်တတ်သူဖြစ်သည့်အတိုင်း လိမ္မော်ရည်

ကို အခြားသူများ အရက်သောက်သည့်နည်းတူ တစ်ကျိုက်ချင်း မျိုချလျက်ရှိ၏။ ထိုနေရာမျိုး၌ အရက်မသောက်တတ်သူများ အကြား မိမိ၌ရှိနေခဲ့လျှင် ရှိုးတိုးရှန့်တန့်ဖြစ်နေတတ်သကဲ့သို့ ကျွန်တော်လည်း မိမိကိုယ်ကိုယ် မိမိမလုံသကဲ့သို့ ရှိနေ၏။

ညစာစားပွဲ စသောအခါ ဒေါက်တာသိန်းတန်ကိုယ်တိုင် ကျွန်တော့်အား နေရာချထားပေးပြီးလျှင် နီးပတ်ဝန်းကျင်မှ အရာရှိတစ်ချို့နှင့် မိတ်ဆက်ပေး၏။

ညစာစားပွဲအပြီး၌ လက်ထက်ပြီးစ ဇနီးမောင်နှံ အတွက် "တို့(စ)" ပြုလုပ်ခြင်း၊ မိတ်ဆက်ပေးခြင်း၊ တစ်ဦးဦး ရယ်စရာမောစရာများ ပြောပြခြင်းဖြင့် အချိန်သည် တဖြည်း ဖြည်းကုန်လွန်၍သွားလေ၏။

မောင်သိန်းတန်၏ဇနီး "မားဂရက်" မှာ အပြာနုရောင် ဗိုးဂါဝန်ကိုဝတ်လျက် လည်ပင်းတွင် စိန်များမြှုပ်သွင်းထား သည့် "အသည်း" ပုံ လော့ကက်သီးကလေးကိုဆွဲထား၏။ ဖြူ နုသောရင်အပေါ်ပိုင်းမှာ မှဲ့မောက်နီပြလျက် အပြာနုရောင်ဂါ ဝန်နှင့် ပထာရလှ၏။ ထို့နောက် အောက်သို့ ဆင်းမြစ်လျှ လျှောကာ သေးသွယ်၍သွားသောခါးကို ရွှေခါးပတ်ဖြင့်ပိုင်း ခြားထား၏။ မျက်နှာ၏အလှမှာ မြန်မာဘက်သို့နွယ်ပြီးလျှင် ထင်ပေါ်သော နှာတံနှင့်မျက်လုံးပြာကြီးများမှာ ဖခင်ဘက်မှ အမွေရလိုက်ဟန်တူသော ပစ္စည်းများနှင့် တူလေသည်။ သူသည် မောင်သိန်းတန် မိတ်ဆက်ပေးသော ဧည့်သည်များ အား ဖော်ရွေစွာ နှုတ်ဆက်လျက်ရှိ၏။

ညစာစားပွဲ ပြီးသောအခါ ၉ နာရီနှင့် ၁၅ မိနစ်ခန့် ရှိလေပြီ၊ မျက်နှာကြီးဧည့်သည်များလည်း ဇနီးမောင်နှံအား



နှုတ်ဆက်ကာ တဖြည်းဖြည်း ပြန်သွားကြလေ၏။

၁၀ နာရီထိုးသောအခါ ကျွန်တော်တစ်ယောက်တည်းသာ ကျန်တော့သဖြင့် မောင်သိန်းတန်သည် ကျွန်တော့်လည်ပင်းကိုဖက်၍ အိမ်တွင်းသို့ ခေါ်သွားလေ၏။

မောင်သိန်းတန်တို့နေထိုင်သော အိမ်ကြီးမှာ အပြင်ဘက်တွင် ကျယ်ဝန်းသလောက် အတွင်း၌လည်းကျယ်ဝန်း၍ အနောက်တိုင်းဆန်ဆန် ပြင်ဆင်ထား၏။ နောက်ဖေးဘက်သို့ ဝင်သော စင်္ကြံ၌ ခေါင်းရင်းနှင့် ခြေရင်းသို့ဝင်နိုင်သော အိပ်ခန်းများအဝတွင် မီးစိမ်းနှင့် မီးနီကလေးများကို တိုင်ကပ်ပေါင်းရောင်ဖြင့် ထွန်းထား၏။ အထူးသဖြင့် ဧည့်ခန်းကြီးမှာ ရွေး ရှည်ကော်ဇောကြီးခင်းထား၍ ဆိုဖာများကို သူ့နေရာနှင့်သူ နေသားတကျချထား၏။ အခန်းထောင့်များတွင် စိမ်းလန်းသော တောင်ထန်းပင်ကလေးများကို ခုံမြင့်များပေါ်၌ တင်ထား၏။ အလယ်မှန်စားပွဲပေါ်၌ကား ပန်းစိုက်သော ယွန်းပန်းအိုးကလေးတွင် ကြက်သွေးရောင် နှင်းဆီပွင့်များကို စိုက်ထားလေသည်၊ အခန်းနံရံ(၃)ဘက်တွင် ပန်းချီကားကြီးတစ်ချပ်စီ ဆွဲချိတ်ထား၏။

ကျွန်တော်နှင့် ကိုသိန်းတန်တို့သည် ဧည့်ခန်း၌ထိုင်ကာ စီးကရက်များကို တစ်လိပ်ပြီးတစ်လိပ် သောက်ရင်း ကျောင်းနေစဉ်က အတွေ့အကြုံများကို စားမြုံ့ပြန်လျက်ရှိရာမှ ကျွန်တော်သည် နှင်းဆီပွင့်များမှ တသင်းသင်းထွက်လျက်ရှိသော ရနံ့များကို ခံစားမိ၏။ အခန်းတစ်ခန်းလုံးမှာ ဗိုလ်ဆန်လျက် စားပွဲပေါ်၌တင်ထားသော ယွန်းထည်ပန်းအိုးကလေး တစ်ခုသာ မြန်မာဖြစ်ပစ္စည်းတစ်ခုဖြစ်ကြောင်း ကျွန်တော်သတိ

ဖြစ်သည့်အတိုင်း ပါးစပ်မှ လွှတ်ခနဲပြောလိုက်မိလေသည်။

ကျွန်။ "ဘယ့်နှယ်လဲဗျ၊ တစ်အိမ်လုံး ဗိုလ်ဆန်ပြီး ဒီ ပန်းတခေါင်းလေးမှ ဗမာဆန်ဆန်ထားတာကိုးဗျ၊ ဘိလပ်က လုပ်တဲ့ ဖန်တခေါင်းလေးများ ထားလိုက်ရင် ဒီထက်လှဦးမယ်"

ဤကဲ့သို့ အမှတ်မထင် ပြောလိုက်မိခြင်းကိုပင် ကျွန်တော်သည် နောင်တရမိ၏။ အဘယ်ကြောင့်ဆိုသော် အနီးတွင် ထိုင်နေသော ကိုသိန်းတန်၏ ဇနီး "မားဂရက်" သည် ကျွန်ုပ်၏ မျက်နှာကို ဖျတ်ခနဲလှမ်း၍ကြည့်လိုက်ပြီးလျှင် ယွန်းပန်းအိုးကလေးကို တစ်ချက်မျှစိုက်၍ကြည့်လိုက်ပြီးနောက် မျက်နှာမှာ ရုတ်တရက်သွေးဆုတ်သွားသကဲ့သို့ ဖြူဖတ်ဖြူရော်ဖြစ်သွားရာမှ ဆိုဖာလက်တန်းကို လက်တစ်ဖက်ဖြင့်ကိုင်ယင်း သတိမေ့၍လဲကျသွားလေရာ မောင်သိန်းတန်လက်မြန်သောကြောင့်သာ သက်သာရာ ရတော့၏။

မောင်သိန်းတန်သည် သတိမေ့နေသော မားဂရက်အား ပွေ့ချီကာ ဆက်တီပေါ်တွင် ခပ်ဖိဖိတင်ထားပြီး နောက် မျက်နှာကို ရေစိုရေဖြင့် ပက်ဖြန်းပေးခြင်း၊ ပါးစပ်ထဲသို့ ဘရန်ဒီအနည်းငယ် လောင်းထည့်ပေးခြင်း၊ ရင်ကိုဖိ၍ လက်များကို အိမ်စေမိန်းကလေးများ အကူအညီဖြင့် နှိပ်နယ်ပေးခြင်းတို့ကို ပြုလုပ်သောကြောင့် မကြာမီပင် သတိရလာ၏။

မားဂရက်အား အိပ်ခန်းအတွင်းသို့ တွဲယူသွားပြီးနောက် ချက်ချင်းလိုပင် မောင်သိန်းတန်ပြန်ရောက်ရာ ကျွန်တော်က တောင်းပန်စကားပြောကြားမိ၏။ ထိုအခါ မောင်သိန်းတန်သည် ခပ်မှုန်မှုန်ရှိနေရာမှ ရုတ်တရက် မျက်နှာထားကို ပြင်လိုက်ပြီးနောက် . . .

"အလကားပါဗျာ၊ ဒီအတွက်ကြောင့်တော့ စိတ်မကောင်းမရှိပါနဲ့ ကိုတင်မောင်၊ သူတို့မိန်းမတွေဟာ ထစ်ခနဲရှိ သတိမေ့တတ်ကြတယ်၊ သူတို့ ဗိုလ်ဆွေးပါတဲ့ အမျိုးသမီးတွေက သာဆိုးသေးတယ်၊ ပြီးတော့ ဒီကနေ့တစ်နေ့လုံး နေကလည်း ပူ၊ အလုပ်ကလည်း နည်းနည်းပင်ပန်းလို့ဖြစ်တာပါ"

"ကျုပ်ပြောလို့ ဖြစ်ရတာ ဝမ်းနည်းပါတယ် ကိုသိန်းတန်"

"ကိစ္စမရှိပါဘူးဗျာ၊ ဘာမှအရေးကြီးတာမဟုတ်ပါဘူး"

"ကိုင်း . . . ဒါဖြင့် ပြန်မယ်ဗျာ၊ ညဉ့်လဲနက်ပြီ"

"ခင်ဗျားလာတာ ကျုပ် သိပ်ဝမ်းသာတယ်ဗျာ၊ နောက်လည်း အလည်လာပါဦးဗျ၊ ကျုပ်မိန်းမက ဖော်ရွေပါတယ်"

"လာမှာပေါ့ ကိုသိန်းတန်၊ အခုလို တစ်ခါရောက်မိရင် . . . နောက်တော့လွယ်ပါတယ်"

"အင်းဗျာ လာစမ်းပါ၊ ခင်ဗျားလာမှပဲ ကျုပ်တို့ငယ်ဖြစ်တွေ ပြန်ပြီးစားမြုံ့ပြန်ရတယ်"

ထို့နောက် ကျွန်တော်လည်း ဒေါက်တာသိန်းတန်အား နှုတ်ဆက်ပြီးလျှင် အိမ်သို့ပြန်ခဲ့ရာ လမ်းတစ်လျှောက်လုံး မောင်သိန်းတန်၏ ဇနီး "မားဂရက်" အကြောင်းကို စဉ်းစား၍ လာမိ၏။ စားပွဲပေါ်တွင် ပန်းများစိုက်သော ပန်းတခေါင်းကလေးအကြောင်းကို ပြောရုံမျှဖြင့် ယခုကဲ့သို့ သတိလစ်၍သွားရခြင်းမှာ မည်ကဲ့သို့သော အကြောင်းရှိလေသနည်းဟု စဉ်းစားမိ၏။ ကျွန်တော်နှုတ်ဆော့သဖြင့် ယခုကဲ့သို့ ဖြစ်ရခြင်းကို

လည်း ဝမ်းနည်းမိ၏။

မည်သို့ပင်ဖြစ်စေ ဤကဲ့သို့ နှုတ်ဆော့မိသည့်အတွက်လည်း ဤဝတ္ထုဖြစ်ပေါ်လာရပေတော့သည်။

* * * * *

နောက် ၂ ရက်ကြာသောအခါ ကျွန်တော်သည် အလုပ်တိုက်၌ရှိစဉ် ဒေါက်တာသိန်းတန်ထံမှ ယခုညနေ ကျွန်တော်အလုပ်ဆင်းလျှင် "ရိုးမန်းနီးယား" ဟော်တယ်သို့ ခေတ္တလာရောက်ပါရန် ဖိတ်ခေါ်သဖြင့် ကျွန်တော်လည်း အလုပ်ဆင်းသည်နှင့်တစ်ပြိုင်နက် ရိုးမန်းနီးယားဟိုတယ်သို့ လာခဲ့လေ၏။ စည်းခန်းတွင်းသို့ဝင်မိလျှင် မောင်သိန်းတန် စောင့်နေသည်ကိုတွေ့ရ၍ ကျွန်တော်တို့လည်း အခန်းတစ်ခုသို့သွားရောက်ကာ မောင်သိန်းတန်က စားဖွယ်သောက်ဖွယ်များကို မှာယူလေသည်။

ကုလားထိုင်များပေါ်တွင် အေးဆေးစွာ ထိုင်မိကြသောအခါ ကျွန်တော်က စ၍

"ဘယ့်နှယ်လဲ ကိုသိန်းတန်၊ အလန့်တကြား ဘာကိစ္စများလဲဗျ"

"ဘာကိစ္စမှမဟုတ်ပါဘူး၊ ဟိုတစ်နေ့က အဆက်ကလေးပြောချင်လို့ပေါ့ ကိုတင်မောင်"

"ဘယ်အဆက်လဲဗျ"

"ကျုပ်တို့အိမ်ကို ခင်ဗျားလာတုန်းက ပန်းတခေါင်းလေး အကြောင်းလေ၊ မှတ်မိတော့ဘူးလား"

"မှတ်မိတာပေါ့ဗျာ ကျုပ်မမေ့ပါဘူး၊ ကျုပ်နှုတ်ဆော့မိလို့ ခင်ဗျားမိန်းမ ဒီလိုဖြစ်သွားရတာ ကျုပ်ဝမ်းနည်းပါတယ် အားနာစရာသိပ်ကောင်းတာပဲ"

"အားမနာပါနဲ့လေ ပြောမိတာ ပြောမိတာပေါ့ ဘယ်တတ်နိုင်မလဲ။ ပြီးတော့ သတိမေ့သွားရုံနဲ့ အရေးကြီးတာမဟုတ်ပါဘူး။ ဒါနဲ့ ခင်ဗျား ဘယ်လိုသဘောရသလဲ"

"ကျုပ်တော့ နည်းနည်းထူးဆန်းတယ် ထင်မိတာပဲ ကိုသိန်းတန်။ ဘာဖြစ်လို့လဲဆိုတော့ ဒီပန်းစိုက်တဲ့ အိုးကလေး အကြောင်းပြောရုံနဲ့ အမျိုးသမီးတစ်ယောက်ဟာ ရုတ်တရက် သတိလစ်သွားရတယ်ဆိုတာ အကြောင်းထူးတစ်ခုရှိလို့ ဖြစ်မှာဘဲလို့ အောက်မေ့မိတာဘဲ"

"အဲဒါကို ပြောချင်လို့ ခင်ဗျားခေါ်တာပဲ ကိုတင်မောင် ခင်ဗျားသိချင်လိမ့်မယ်ဆိုတာ ကျုပ်သိတယ်"

"သိချင်တာပေါ့ ဆရာရယ်၊ ကျုပ်က ထူးထူးဆန်းဆန်းကို ကြားချင်လှချေရဲ့ဗျာ"

"နို့ပေမယ့် တစ်ခုတော့ရှိတယ် ကိုတင်မောင်၊ ကျုပ် ပြောမဲ့ဟာက ခင်ဗျားသိရုံလောက်သာ ကျုပ်ကပြောတာ ဒီတော့ ကျုပ်အခွင့်ရမှသာ ခင်ဗျားရေးချင်ရင် ရေးစေချင်တယ်"

"ကောင်းပါပြီဗျာ စိတ်ချပါ။ ခင်ဗျား အခွင့်မပြု ကျုပ်မရေးပါဘူး။ ခင်ဗျားခွင့်ပြုတဲ့အခါမှသာ ကျုပ်ရေးပါမယ်"

သို့ရှိစဉ် ဘိုင်ကုလားသည် စားပွဲပေါ်တွင် တင်ထား သောပန်းအိုးကလေးကို ပန်းများအနည်းငယ် နွမ်းနေသဖြင့် သွားပြီးနောက် မကြာမီ ပန်းအသစ်များစိုက်၍ ယူလာ သည်။ ဒေါက်တာသိန်းတန်သည် နှင်းဆီပွင့်များ စိုက်ထား သော ဖန်တခေါင်းကလေးကို ကြည့်ကာ အတန်ငယ်ပြုံးလိုက် ပြီးနောက်....

"မှားစရာများတယ်ဆန်းကြယ်တာပဲ ကိုတင်မောင်၊ သူနဲ့ ကျုပ်နဲ့စပြီးတွေ့ကြတာ အဲဒီပန်းထိုးတဲ့ ပန်းတခေါင်းကလေး ကိစ္စက စ,တာဘဲဗျ"

"ပြောစမ်းပါဦးဗျာ ဘယ်လိုစဖြစ်တာလဲ"

"ခင်ဗျားနဲ့ ကျုပ်နဲ့ကောလိပ်ကျောင်းမှာ တစ်ခန်းထဲ နေခဲ့တာ ဘယ်နှစ်ခုနှစ်လဲ"

"၁၉၁၉"

"ကျုပ် ဘီအေကိစ်စီအောင်တာ ၂၃ ခုနှစ်၊ ဒီနောက် အမ်ဘီဘီအက်စ်ရတာက ၁၉၂၈ ခုနှစ်ကပေါ့ဗျာ၊ အစိုးရအလုပ် မလုပ်သေးဘဲ မဂိုလမ်းမှာ ဆေးဆိုင်ဖွင့်ထားတာက ၂၉ ခုနှစ် အဲဆိုပါတော့ဗျာ အဲဒီနှစ်မှာ စတွေ့ခဲ့တယ်"

"ခင်ဗျားနဲ့ အိမ်နီးနားချင်းဆို"

"ဟုတ်တယ်ကိုတင်မောင် ဒါလည်းတစ်နည်းအားဖြင့် နီးစပ်ဖို့ဖြစ်လာတာပဲ၊ အဲဒါနဲ့တစ်နေ့တော့ ကျုပ်အလုပ်စားပွဲမှာ အလုပ်လုပ်နေတဲ့အချိန် ကျုပ်လက်ထောက် ကရင်ဆရာမကလေးက ကျုပ်အခန်းထဲဝင်လာပြီး အင်္ဂလိပ်မလေးတစ်ယောက်က ကျုပ်နဲ့တွေ့ချင်လို့ပါလို့ လာပြောတော့ကျုပ်လည်း ဝင်ခွင့်ပြုလိုက်တယ်။ အထဲရောက်တော့ အခြားသူမဟုတ်ဘူး ကျုပ်တို့အိမ်နဲ့မျက်စောင်းထိုးမှာနေတဲ့ ဆရာမလေး "မာဂရက်" ဖြစ်နေတာကိုဗျ။ အိမ်နီးချင်းဆိုတော့ တစ်ယောက်နဲ့တစ်ယောက်လူချင်းသာမသိတယ်။ မြင်တော့မြင်ဖူးကြတာပေါ့ဗျာ။ ဒါနဲ့ ကျုပ်လည်းသူ့ကို နေရာထိုင်ခင်းပေးပြီး ဘာများအကူအညီလိုပါသလဲ မေးတာကိုဗျ"

"အင်း ပြောပါဦး"

"ဒါနဲ့သူက လွှန်ခဲ့တဲ့တစ်ပတ် နှစ်ပတ်လောက်က
ပြီး အစားအသောက်ပျက် ညမှာလဲကောင်းကောင်းအိပ်
ပျော်တဲ့အကြောင်း၊ ဒါကြောင့် သူ့ကိုစမ်းသပ်ကြည့်ပြီး သ
လျှော်မှုဆေးဝါးများကို ပေးဖို့အကြောင်းပြောတာဗျ။ ဒါနဲ့က
လည်းသူ့ကိုစမ်းသပ်ကြည့်တဲ့အခါ ရောဂါထူးထူးထွေထွေ
လို့တော့မတွေ့ပါဘူး၊ အင်မတန် ထိတ်လန့်တုန်လှုပ်ပြီး စိ
နှလုံးချောက်ချားနေတဲ့ လက္ခဏာသာတွေ့ရတယ်။ ဒါနဲ့က
က လွှန်ခဲ့တဲ့ဆယ်လေးငါးရက်လောက်က ထူးထူးခြားခြား
နှလုံးတုန်လှုပ်စရာ ဘာများတွေ့ခဲ့သလဲလို့ မေးတော့ သူလ
မပြောချင်ပြောချင်နဲ့ နောက်တော့မှအကျိုးအကြောင်းပြော
တာကိုးဗျ။ သူဟာမြန်မာနိုင်ငံကိုရောက်လာတာ ၂ နှစ်
ကျော်လောက်ပဲ ရှိသေးတယ်၊ သူတို့နေတဲ့ နေရာမှာတော့
တို့မြန်မာပြည်ဟာ စုန်း၊ နတ်၊ တစ္ဆေ၊ မြေမှုတ်ဘီလူး
အင်မတန် ပေါများပြီး အင်မတန်ကြောက်စရာကောင်းတဲ့
ရယ်လို့ လူအများကယူဆကြတယ်ဆိုသကိုဗျ။ သူတို့က
ကျုပ်တို့ကို အိန္ဒိယနဲ့ရောထွေးမြွန်းပြီး အိန္ဒိယတိုင်းသား
ခေါ်ကြတာပေါ့ဗျာ။ သူတို့ထင်မြင်ချက်ကတော့ ကမ္ဘာ့
ပိုင်းကျလေလေ စုန်း၊ နတ်၊ တစ္ဆေများပေါများလေလေ
အယူအဆရှိကြတာကို၊ ဒါနဲ့သူဇာတ်ကို ပထမကျုပ်ပြော
မယ်။ သူကစစ်ဗိုလ်တစ်ယောက်ရဲ့သမီး၊ သူ့အမေက လန်
နေတယ်။ သူ့အမေဟာ သူ ၁၀ နှစ်သမီးလောက်က ဆုံး
ပြီးတဲ့နောက် မယ်သီလရှင်ကျောင်းတစ်ကျောင်းမှာ ပညာ
ခဲ့ရတယ်။ ဒါနဲ့သူအရွယ်ရောက်လာတဲ့အခါ သူ့အမေ
နောက်အိမ်ထောင်ဆက်ပြီးပြန်တော့ မိထွေးနဲ့မသင့်မြ

ဘာနဲ့ဆက်ပြီး ကျောင်းအိပ်ကျောင်းစားနေ ဆရာဖြစ်စာမေးပွဲ
ဝင်ပြီး သူ့ဦးလေးများနဲ့အတူ မြန်မာနိုင်ငံကိုလိုက်လာရာတာ
ကိုးဗျ။ ဒီရောက်တော့ သူ့ဦးလေးကမန္တလေးမှာ အရေးပိုင်
အလုပ်နဲ့နေပြီး သူကရန်ကုန်ကွန်ဗင့်ကျောင်းတစ်ကျောင်းမှာ
လက်ထောက်ဆရာမအဖြစ်နဲ့ အလုပ်ရတာပေါ့လေ။ ဒီနောက်
ကျောင်းကပေးတဲ့အခန်းက ကျဉ်းကျပ်တယ်ဆိုပြီး ကျုပ်တို့မြို့
ကြီးရဲ့ မျက်စောင်းထိုး 'နှင်းဆီခြံ' ဆိုတဲ့အိမ်ကို ပြောင်းလာတာ
ကိုးဗျ"

ကျွန်တော် ။ "နေပါဦး သူတို့ယုံကြည်တဲ့ စုန်း၊ နတ် တစ္ဆေအကြောင်းကိုတော့ မဆက်တော့ဘူးလား"

တန် ။ "ဆက်ပါမယ်ဗျာ တော်တော်ကြာတော့ သူပြောမဲ့ အကြောင်းထဲမှာ ဒီအချက်တွေလည်းပါလာလိမ့်မယ်။ ဒီတော့သူ့လခကလဲ ၂၅ဝ ကျပ်လောက်ရတယ်။ မန္တလေးက သူ့ဦးလေးကလည်းထောက်သေးတယ်။ နဂိုကလည်း ပစ္စည်းအခံကလေးကလည်းရှိပြန်တော့ တော်တော်ပဲ ခမ်းခမ်းနားနား နေနိုင်တယ်။ သူ့အိမ်မှာထမင်းချက်တဲ့မဒရာဆီ ကုလားတစ်လင်မယားနှစ်ယောက် စားပွဲထိုးတစ်ယောက် ပြီးတော့သူ့နဲ့အပေါ်ရအောင်ခေါ်ထားတဲ့ အင်္ဂလိပ်စာတတ် အိမ်ဖော်မကြီးတစ်ယောက် ညဥ့်စောင့်တဲ့ဒရဝမ်ကုလားတစ်ယောက်အဲဒီလို ခန့်ခန့်ညားညား နေထိုင်နိုင်တာပေါ့။ ဒီလိုနေထိုင်လာပြီးလွန်ခဲ့တဲ့ ၁၅ ရက်လောက်ကသူ့ဆီကို ဘိလပ်ကပါဆယ်ထုပ်တစ်ထုပ်ရောက်လာတယ်။ ဒီပါဆယ်ထုပ်ကိုထဲမှာ သူ့အဖေက လက်ဆောင်ပေးလိုက်တဲ့ "ဖန်တခေါင်း" တစ်ခုပါလာတယ်"

ကျွန်တော် ။ "ပေါက်ပေါက်ရှာရှာဗျာ။ ကျုပ်တို့မြန်မာနိုင်ငံ မှာ ဒီလိုပန်းစိုက်တဲ့ ပန်းဖန်တခေါင်းတွေ လိုချင်တိုင်းရပါရက် နဲ့ ဒုက္ခခံပြီးပို့လိုက်ရသေးသလားဗျာ"

တန် ။ "နို့ပေမဲ့ ပို့လိုက်တဲ့ပန်းဖန်တခေါင်းက တော်တော်ထူးထူးဆန်းဆန်းလှလှပပကိုဗျ။ ပုံကလေးကလည်းဆန်းတယ်။ ပန်းခက်ပန်းရွက်တွေကလည်း ဆန်းပြားတယ်။ ဒါတင်မကသေးဘူး။ အရောင်ကလည်း နီသလိုလို ဝါသလိုလို ပြာသလိုလို စိမ်းသလိုလိုနဲ့ အရောင်ကိုဖမ်းလို့မရဘူး။ ဒါနဲ့သူက ခေါက်တာသိန်းတန်ရယ်တဲ့ ဒီဖန်တခေါင်းကလေး အိမ်ရောက်လာပြီးတော့ ကျမလည်းဘိလပ်က လက်ဆောင်ပေးလိုက်တာမို့ အင်မတန်အမြတ်တနိုးထားပြီး အိမ်ရှေ့ဧည့်ခန်းစားပွဲပေါ်မှာ ပန်းစိုက်ပြီးထားတာကိုရှင်၊ ဒါနဲ့နေ့လည်ကျတော့ ကျမလည်း စိုက်ထားတဲ့ပန်းတွေကိုကြည့်လိုက်တော့ရှင် အားလုံးကုန် ညှိုးပြီးနေတာ တွေ့ရတယ်။ ဒါနဲ့ကျမလည်းပထမတော့မသိပါဘူး။ အမှတ်တမဲ့ပဲနေပြီး ညနေပိုင်းမှာ မြို့ထဲက နှင်းပန်းတွေဝယ်ပြီး ပန်းတခေါင်းထဲမှာ အသစ်စိုက် ညစာစားပြီးကြည့်လိုက်တော့ လားလား သုံးလေးရက်လောက်ကထိုးပြီးထားတဲ့အတိုင်းပဲ တစ်ခါထဲညှိုးနေတာ တွေ့ရတယ်ရှင်....

"သည်တော့မှ ကျမလည်းဘယ်နဲ့လဲ နှင်းပန်းဆိုတာမျိုးဟာ အနည်းဆုံးနှစ်ရက်လောက် လှလှပပ ခံတယ်တဲ့ ပန်းဟာအခု ၃ နာရီအတွင်း ဒီလိုညှိုးပြီးသွားရတယ်ဆိုတာ အင်မတန်ထူးဆန်းပါကလားလို့ အောက်မေ့တာကိုရှင်၊ ဒါနဲ့ ကျမလည်း ညှိုးနေတဲ့နှင်းပန်းတွေကိုယူပြီး သေသေချာချာ ကြည့်တော့ ပန်းတခေါင်းထဲမှာ ထည့်ပေးထားတဲ့ ရေတွေဟာ တစ်စက်မှ မရှိတော့ဘူး။ ဒါနဲ့ပန်းတခေါင်းထဲကရေတွေကို

အစေခံတွေများ သွန်ပစ်သလားလို့ မေးမြန်းပြီး ကြည့်တော့ လည်း သူတို့ဖွေးစိုးစသွန်ရတဲ့အကြောင်း ပြောတာနဲ့ ပန်းတာ ခေါင်းများမတော်တဆလဲလို့ ဓိတ်စင်ကုန်သလားလို့ စားပွဲပေါ် မှာ ရေရှိလို့ တစ်စက်မှ အစအနမတွေ့ဘူးရှင်…

“ဒီတော့ ကျမလည်း သေသေချာချာသိရအောင်ဟာ ပန်းတာခေါင်းထဲမှာ ပန်းမစိုက်ပဲရေချည်း တစ်ဝက်သာသာ လောက်ထည့် ပန်းတာခေါင်းမလဲနိုင်အောင် နံဘေးကစာအုပ် တွေဘာတွေနဲ့ ညှပ်ပြီးစားပွဲပေါ်မှာထား၊ ည ၁၂ နာရီထိုး လောက်မှာ အိပ်ရာကထပြီး ကြည့်တော့ညကတစ်ဝက်သာသာ လောက်ထည့်ထားတဲ့ရေဟာ မရှိတော့ဘူးရှင်၊ လက်နှစ်သစ် လောက်ပဲကျန်တော့တယ်။ ပန်းတာခေါင်းကတော့ နေရာမှာပဲ ညှပ်ပြီး ထားတဲ့အတိုင်း ရှိပါရဲ့။ ပြီးတော့လဲ ကျန်တဲ့ရေကိုလက် နဲ့စမ်းပြီးကြည့်တော့ ခပ်နွေးနွေးဖြစ်နေတာကို တွေ့ရတယ်။ နွေးတာမှ အတော်ပဲနွေးတယ်။ ဒီတော့ကျမလဲကောက္ခဒီပန်းတ ခေါင်းမှာ ရေကိုစမ်းခြောက်စေလောက်အောင် အင်မတန်ပူတဲ့ ဓာတ်တစ်ခုပါပြီထင်တယ်လို့ စဉ်းစားမိတာကိုး။ နို့ပေမဲ့ဘယ် လိုဓာတ်မျိုးပါတယ်ဆိုတာကိုတော့ မစဉ်းစားတက်ဘူးပေါ့ရှင်…

“ဒီတော့ ကျမလည်း စိတ်မကျေနပ်သေးလို့ နောက် တစ်နေ့ညကျတော့ အိမ်ကအန်တီကို အကျိုးအကြောင်းပြောပြ တာကိုး ကိုသိန်းတန်ရဲ့”

ကျွန်တော် ။ “အင်း သူပြောတဲ့အတိုင်းဆိုရင် အတော် ထူးဆန်းတာပဲ”

တန် ။ “ဒါနဲ့ သူ့အန်တီကို အကျိုးအကြောင်းပြောပြ တော့ သူ့အန်တီလည်း မယုံဘူးပေါ့ရှာ။ ဒီကနေ့ည ငါကိုယ် တိုင်စောင့်ကြည့်မယ်ဆိုပြီး တစ်နေ့တော့ ဒီပန်းတာခေါင်းကို မာကရက်လုပ်တဲ့အတိုင်း ရေတစ်ဝက်သာသာထည့် စားပွဲပေါ် တင်ထားပြီး သူကခေါင်းရင်းက ပက်လက်ကုလားထိုင်နဲ့စောင့် ကြည့်နေသတဲ့ရှ၊ အချိန်က ညကိုးနာရီလောက်ရှိမယ်ပေါ့ရှာ။ အဒေါ်ကြီးက အသက်လည်းကြီး အရင်တစ်နေ့ကလည်းနည်း နည်း အိပ်ရေးပျက်ထားတာရှိဆိုထင်ပါရဲ့ သူလည်းစောင့်ရင်း မှေးခနဲဖြစ်အသွားမှာ စားပွဲပေါ်မှာတင်ထားတဲ့ ပန်းတာခေါင်း ကလေးထဲက ရေတွေဟာမှုက်မှုက်ဆူလာပြီး တစ်ခါတည်း ရေထဲကမီးတောက်မီးလျှံတွေလို မီးခိုးလုံးတွေလို တစ်ဝင်းဝင်း ထွက်လာသတဲ့ရှ။ အဲဒီမီးတောက်တွေထဲမှာ မီးခိုးလုံးကြီး တစ်ခုဟာ အတော်ပဲကြီးပြီး အဲဒီထဲကလူအရိပ်လိုလို အရုပ်လို လို မထင်မရှားပေါ်လာသတဲ့ ကိုသိန်းမောင်ရဲ့။ အင်္ဂလိပ် ကလေးတစ်ယောက်နဲ့ အင်္ဂလိပ်မလေး တစ်ယောက်ဟာ တစ် ယောက်နဲ့တစ်ယောက် လည်ပင်းဖက်ပြီး ပြုံးပြုံးရွှင်ရွှင် ရှိနေ ရာက မရှိမဆန့်ဝေဒနာခံစားရသလို တွန့်လိမ်နေရာက အဲဒီ မီးခိုးလုံးကြီးဟာ တဖြည်းဖြည်းငယ်သွားပြီးနောက် တစ်ခါထဲ ပျောက်သွားတယ်ဆိုသကိုရှ”

ကျွန်တော် ။ “အိပ်မက်များ မက်တာများလားဗျာ”

တန် ။ “ခင်များပြောတဲ့ အတိုင်းလည်း ဖြစ်နိုင်ပါတယ် သူ့စိတ်ထဲမှာလဲ အိပ်မက် မက်သလိုလို တကယ် မြင်ရသလိုလို ထင်တယ်အကြောင်းပြောသတဲ့။ နို့ပေမယ့် မြင်ရတာတော့ မြင်ရတာပဲ။ အဒေါ်ကြီးဟာ ငယ်သံပါအောင် တစ်ခါတည်း လန့်အော်လိုက်တယ်။ ဒီတော့မှ အိမ်သားတွေလည်း အကုန် လုံး နိုးပြီး ပျာယီးပျာယာ ပြေးလာကြတာပေါ့လေ။ လာ

တော့လဲ ဘာမှအထူးတလည် မတွေ့ရပါဘူးတဲ့။ နို့ပေမဲ့ ဖန်တခေါင်းထဲမှာတော့ ရေတစ်စက်မှမရှိတော့တဲ့အပြင် အောက်ခြေမှာတောင်အတောင်ပံပူပြီးနေတာတွေ့ရသတဲ့ဗျ။ ဒီကတည်းကစပြီး ခင်ဗျာလည်းအင်မတန်တုန်လှုပ်ပြီးသူရည်းတစ်ယောက်ထဲအရင်အိပ်တာတောင် မအိပ်ရဲတော့ပဲအဲဒေါ်ကြီးကို အဖေါ်လုပ်ပြီးအိပ်၊ နေ့ဝင်ရင်တံခါးတွေကို အကုန်ပိတ်နိုင်း။ ဒီဖန်တခေါင်းကလေးကိုလည်း အိမ်ပေါ်မှာမထားဝံ့ပဲ အောက်ထပ်ကစားပွဲပေါ်သွားပြီး ထားလိုက်ရသေးသတဲ့ဗျ။ ဒီတော့မှ ကျုပ်လည်း စိတ်နှလုံးငြိမ်သက်စေတဲ့ ဆေးဝါးတွေပေးပြီး တက်နိုင်သမျှကူညီဆောင်ရွက်ပေးပါမယ်လို့ အားပေးစကားပြောလိုက်ရတာကို ကိုတင်မောင်ရဲ့"

ကျွန်တော် ။ "ဒါဟာ ခင်ဗျားနဲ့ ပထမတွေ့ခြင်းပေါ့"

တန် ။ "ဟုတ်တာပေါ့ ကိုတင်မောင်၊ ဒါနဲ့နောက် သုံးလေးရက်လောက်ရှိတော့ ကျုပ်စိတ်ထင် ည ၁၂နာရီခွဲလောက်မှာ သူတို့အိမ်ထဲက အလန့်တကြားအော်လိုက်တဲ့ အသံကိုကြားရတာကိုဗျ။ ဒါနဲ့ကျုပ်လဲပဲ အိပ်ရာကလန့်နိုး ကပြာကယာ သေနတ်ကိုဓါးထိုးပြီး သူတို့အိမ်ဘက်ဆီပြေးတော့ သူတို့အိမ်သားတွေလည်း ဝင်းတံခါးကလာပြီး ကျုပ်ကိုကြိုနေတာတွေ့ရတယ်။ တွေ့တော့သူကပြေးပြီး ကိစ္စကအရေးကြီးတော့မဟုတ်ပါဘူး ဒေါက်တာသိန်းတန်ရယ်တဲ့ အိမ်မှာစိုင်းထားတဲ့ ကုလားကလေး ရုပ်ရှင်ပွဲကပြန်လာပြီး အိပ်ခန်းထဲဝင်တော့ အိပ်ခန်းထဲမှာ မီးနိုးလိုလို စားပွဲပေါ်ကထွက်ပြီးနေတာတွေ့ရတော့ အလန့်တကြားအော်လိုက်မိတာပါတဲ့။ ပြီးတော့လည်း ဒီမီးနိုးတွေ ပျောက်သွားတာပါပဲတဲ့။ ကျမဟာ ဒီလိုဟာတွေကို



တယ်ပြီး အယုံအကြည်မရှိပါဘူးတဲ့လို့ ပြောတာကိုဗျ။ နို့ပေမယ့်လို့ သူ့မျက်နှာကလေးဟာ မကြောက်ဘူးဆိုသော်လည်း နှင်းဆီအသွေးနဲ့တူတဲ့ ပါးကလေးနှစ်ဖက်ဟာ ကြောက်အားနဲ့ ဖြူဖတ်ဖြူရော်ဖြစ်နေတာကို ဓာတ်မီးရောင်နဲ့ ကောင်းကောင်းကြီးမြင်ရတယ်။ ဒါနဲ့ကျုပ်ကို ဧည့်ခန်းမှာ ကော်ဖီတွေ ဘာတွေတိုက်ပြီး ဧည့်ခံစကားပြောတယ်။ သူ့အန်တီနဲ့လည်းမိတ်ဆက်ပေးရှာတယ်ဗျာ။ ဒီတော့မှ ကျုပ်လည်းစကားလက်ဆုံကျပြီး ကျုပ်တို့မြန်မာလူမျိုးများဟာ အင်မတန်ဖော်ဖော်ရွေရွေ ရှိတဲ့အကြောင်း၊ မြန်မာမိန်းကလေးများဟာလည်း ဘယ်လူမျိုးနဲ့မတူ အင်မတန် ယဉ်ကျေးသိမ်မွေ့တဲ့အကြောင်း စပ်မိစပ်ရာစကားပြောတာကိုးဗျ။ ဒီလိုနဲ့ စကားပြောရင်း သူ့အန်တီက ကြားဝင်ပြီး "ဘယ်နဲ့လဲ ဒေါက်တာသိန်းတန်ရဲ့ အဒေါ်ဖြင့် ဒီဖန်တခေါင်းကလေးကို တယ်ပြီးစိတ်ယနမကောင်းဘူး"

(အဲဒီတော့ ကျုပ်က) "ကျွန်တော်လည်း ဒီလိုပဲထင်တာပဲဒေါ်ဒေါ်ရယ် ပထမဦးဆုံးပန်းတွေဟာ မကြာကြာညှိုးသွားတာရယ်၊ ပြီးတော့ ဒေါ်ဒေါ်မြင်လိုက်ရတယ်ဆိုတာရယ်၊ ကုလားကလေး အခုတွေ့ရတဲ့ မီးနိုးလုံးကြီး ပျောက်သွားတယ်ဆိုတာရယ်၊ အားလုံးပေါင်းပြီး စဉ်းစားကြည့်လိုက်တော့ ကျွန်တော်လည်း စိတ်ယနမကောင်းဘူး"လို့ကျုပ်ကဝင်ပြောလိုက်တာကိုဗျ၊ အဲဒီတော့ "ဒီအိမ်ကြီးဟာ တစ္ဆေခြောက်တယ်လို့များ အရင်က ကြားဘူးသလား မောင်ရယ်လို့" မေးပြန်တယ်။ ဒီတော့ ကျုပ်က ဘယ်တော့ကမှ မကြားဘူးတဲ့အကြောင်းပြန်ပြောတယ်။ အဲဒီလိုပြောနေတုန်း မာဂရက်ဝင်လာပြီး အန်တီနဲ့ ဒေါက်တာသိန်းတန်ပြောနေတာ ဘာအကြောင်းလဲတဲ့ ဟိုပန်း

တခေါင်းအကြောင်းပဲ မဟုတ်လားတဲ့။ ကျမကအခုမှ မြန်မာစကားသင်ခါစမို့ ရှင်တို့ပြောတာ ကောင်းကောင်းနားမလည်ပေမယ့် ရှင်တို့ပြောပုံ မျက်နှာအရိပ်အကဲ ကြည့်ရတာနဲ့ ဒီဟာကလေးအကြောင်းကို ပြောနေတာကျမသိပါတယ်။ အဲဒီလိုပြောတာကိုးဗျ။ သည်တော့မှ ကျုပ်ကတစ္ဆေခြောက်တယ်ဆိုတာ ကျုပ်တို့မြန်မာလူမျိုးများ အများအားဖြင့် အယူရှိတဲ့အကြောင်းပြောတော့ သူက ကျွန်မဖြင့် အယူမရှိပါဘူးတဲ့။ တစ္ဆေဟာ လူကိုဘယ်နဲ့မှ မလုပ်နိုင်ပါဘူးတဲ့။ သည်တော့ ကျုပ်က တစ်ခါပြန်ပြီး အင်္ဂလိပ်လူမျိုးများဟာလည်း တစ္ဆေတို့ ဝိညာဉ်တို့ကို ယခုအယူအဆရှိကြတဲ့အကြောင်း နာမည်ကျော်စာရေးဆရာကြီး "ဆာအာသာကိုနင်ဒွိုင်း"တို့တောင် တစ္ဆေကို ယုံကြည်ပြီး ဝိညာဉ်များနဲ့ပတ်သတ်တဲ့ ဝတ္ထုတွေကို ရေးတဲ့အကြောင်းပြောရသေးတယ်ဗျ။ ဒါနဲ့ကျုပ်က ဒီဖန်တခေါင်းကလေး တဆိတ်ကြည့်ပါရစေ လို့ပြောတော့ အောက်ထပ်က ပစ္စည်းအဟောင်းအမြင်းတွေထားတဲ့ စားပွဲကြီးပေါ်ကယူပြီးပြတာဗျ။ အင်မတန်လှတဲ့ဖန်တခေါင်းပဲဗျို့။ အရောင်ကလည်း မီးခိုးရောင်လိုလို စိမ်းလဲ့လဲ့လိုလို အရောင်မဖမ်းတတ်အောင်ဘဲဗျ။ သွန်းထားတဲ့ ပန်းခက်တွေရော ပုံသဏ္ဌာန်ကျနပြီး လှပတဲ့ နေရာမှာရော ရှာမှရှားတဲ့ ပစ္စည်းတစ်ခုပဲ။ ဒါနဲ့ ကျုပ်က ရယ်မောပြီး "အလွယ်ကလေးပဲ အန်တီရယ် စိတ်ထဲက ယနေမကောင်းဖြစ်နေရင် ရိုက်ခွဲပစ်လိုက်ရုံ ရှိတာပေါ့" လို့ပြောတော့ အဘေါကြီးက အမလေး မလုပ်ပါနဲ့ မောင်ရင်ရယ်တဲ့ မောင့်နှမ ဒီပစ္စည်းကို ၃၀၀ ပေးတောင်မရောင်းဘူး ပြောနေတယ်။ ပစ္စည်းကလေးက လှလည်းလှပြန်၊ ဘိလပ်ကသူ့ဒယ်ဒီ



ဆီက ပို့တဲ့ပစ္စည်းဖြစ်ပြန်ဆိုတော့ သူဒီလိုမလုပ်ရက်နိုင်ပါဘူးတဲ့။ ပြီးတော့ မောင်လည်းအသိသားပဲတဲ့။ သူတို့လူမျိုးဟာ သူတို့အမြတ်တနိုးထားတဲ့ ပစ္စည်းဆိုရင် ဘယ်လောက်ပဲပေးပေးမရောင်းရက်ဘူးတဲ့။ ဒါကြောင့်လည်း ခွဲဖြစ်ဖို့တော့ ဝေးပါသေးတယ်မောင်ရယ်လို့ ပြောရှာတယ်"

ကျွန်တော် ။ " အခုပြောတဲ့အတိုင်းဆိုတော့ ဟုတ်တာပေါ့ ကိုသိန်းတန်"

တန် ။ "ဒါနဲ့ ကျုပ်လည်းပဲ အတော်ညဥ့်နက်ပြီး နေတာနဲ့ မားဂရက်ကို နုတ်ဆက်ပြီး တစ်နေ့လောက် ကျုပ်ကိုယ်တိုင် စောင့်ကြည့်ချင်တဲ့အကြောင်း ပြောတာကိုဗျ။ သူကလည်း ကျုပ်ဒီလိုစောင့်ကြည့်မှာကို သဘောတူပါတယ်။ နောက်ဆုံး ကျုပ်အခုလိုလာပြီး နိုင်ငံခြားအမျိုးသမီး တစ်ယောက်ကို စောင့်ရှောက်တဲ့အတွက် ကျေးဇူးတင်တဲ့အကြောင်း ပြောပြီး ပြန်ခဲ့တယ်။ ဒီကတည်းကစပြီး ကျုပ်နဲ့မားဂရက်ဟာ မျက်လုံးချင်းစပြီး ချစ်ကြိုက်ခဲ့ကြတယ် ဆိုပါတော့ဗျာ"

ကျွန်တော် ။ "အော် လက်စသတ်တော့ ဒီလိုကိုး။ ဒါနဲ့ စနေနေ့ကျတော့ကော"

တန် ။ "သွားတာပေါ့ဗျာ။ ကျုပ်စိတ်ထဲမှာ စနေနေ့ထိအောင်စောင့်ရတာ ၁၀ နှစ်လောက်ထင်တယ်။ ဒါနဲ့စနေနေ့ကျတော့ ကျုပ်လည်းပဲ ပန်းတိုကလေး ဆီပါထည့် သေသေချာချာဖြီးပြီး သူတို့အိမ်ဖက် ကူးသွားတော့ ၇ နာရီထိုးပြီ။ အောက်ထပ်ကိုဆင်းလာပြီး ကုလားလေးကိုခြံထဲက ပန်းတွေအရုံးရုံး ဖန်တခေါင်းကလေးထဲနိုက်၊ ရေထက်ဝက်သာသာလောက်ထည့်ပြီး အခန်းရဲ့လက်ဝဲဘက်ထောင့်နားက စောင့်နေ

ရတာကိုဗျ။ ဒီအခန်းကလေးထဲမှာ ကုလားကလေးအိပ်တယ် ဒါနဲ့ ခုတင်စီးကိုငြိမ်းပြီး ကျုပ်တစ်ယောက်တည်း ထိုင်စောင့်နေတာပေါ့ဗျာ။ ၁၀ နာရီခွဲလောက်ရှိလို့ လက်နှိပ်ဓာတ်မီးနဲ့ထိုးကြည့်တော့ ပန်းတွေဟာ နည်းနည်းညှိုးစပြုလာတာ တွေ့ရတယ်၊ ဒါနဲ့ ကျုပ်လည်း ဒါနဲ့ကျုပ်လည်း ဓာတ်မီးခလုတ်ဖွင့် ရေထဲကို ပြဒါးချိန်ချပြီးတိုင်းတော့ ရေဟာ ၁၀၂ အထိပူနေပြီ။

ကျွန်တော် ။ "ဒီလိုဆိုအင်မတန် ပူလာပြီပဲ"

တန် ။ "ဒါနဲ့ကျုပ်လည်း မီးခလုတ်ကိုဖွင့်ပြီး စောင့်ခဲ့တာ ၁၁ နာရီလောက်ကျတော့ အိမ်ပေါ်ကလူတွေအိပ်မောကျကုန်ပြီပေါ့ဗျာ။ တခါတခါ အမယ်ကြီးချောင်းဆိုးသံ သုံ့သုံ့ကြားရရုံ။ ဒီလိုနဲ့ စောင့်နေခဲ့တာ ပတ်ဝန်းကျင်က အင်မတန်ဂရုစိုက်ပြီး နားထောင်မှ အိမ်ပေါ်ထပ်မှာရှိတဲ့ တိုင်ကပ်နာရီကြီး တခက်ခက်နဲ့ သွားနေတဲ့အသံကြားရတယ်။ ဒါနဲ့ ပြောရဦးမယ် ၁၁ နာရီက နည်းနည်းကျော်လာတော့ ကျုပ်စိတ်ထဲမှာ ဘယ်လိုဖြစ်မှန်းမသိဘူး။ ကြက်သီးထချင်သလိုလို ကျောထဲက ချမ်းစိမ့်စိမ့် ဖြစ်သလိုလို တုန်တုန်လှုပ်လှုပ် ဖြစ်ချင်လာတယ်။ ပြီးတော့ ကျုပ်ဟာခင်ဗျားသိတဲ့အတိုင်း အသိပ်အနေကို သိပ်ပြီးစုံမက်တဲ့အကောင်မဟုတ်ဘူး။ ကျုပ်ဝါသနာပါတာတစ်ခု လုပ်ရမယ်ဆိုရင် ဝတ်တုတ်မိုးလင်းပစေ ဒီလောက်ခွဲကောင်းတဲ့အကောင်။ ဒီတစ်ခါတော့ တစ်ချက်တစ်ချက် ငိုက်ငိုက်ပြီးလာတယ်ဗျို့။ ဒါနဲ့ ကုလားထိုင်မှာ နေရာအမျိုးမျိုး ပြင်ထိုင်ပြီး စောင့်နေခဲ့တာ တစ်ခါတစ်ခါ မျက်လုံးထဲက ပြာခနဲဖြစ်သွားပြီး ခေါင်းထဲကလည်း တစ်ချက်တစ်ချက် မိုက်ခနဲဖြစ်သွားပြီး ကျုပ်ဘယ်လို လစ်ခနဲ ဖြစ်သွားတယ်မသိဘူး အခန်းက



လေး တစ်ခုလုံးစိတ်ထဲမှာ မီးခိုးတွေပြည့်လာသလို ထင်ရပြီး မီးခိုးလုံးကြီးဟာ တဖြည်းဖြည်း ဖန်တခေါင်းကလေး ရှိတဲ့နေရာ စုသွားပြီး ဖန်တခေါင်းကလေးထဲက မီးတောက်မီးလျှံတွေလို ထွက်လာတာ မြင်ရတာကိုဗျ"

ကျွန်တော် ။ "ဒါဖြင့် သူ့အန်တီမြင်ရပုံနဲ့ ကိုက်နေတာပေါ့။ ထူးဆန်းတယ်ဗျို့ ပြောစမ်းပါဦး"

တန် ။ " ကျုပ်တကယ် အိပ်ပျော်သွားသလား နိုးနေရက်နဲ့ မြင်ရသလားဆိုတာတော့ ခွဲခြားပြီး မပြောတတ်ဘူး။ နို့ပေမယ့် မြင်ရတာတော့က အမှန်ပဲဗျ။ အဲဒါနဲ့ ကြည့်နေရင်း ဖန်တခေါင်းအဝက ထွက်လာတဲ့မီးတောက်ကြီး အလယ်မှာ လူနှစ်ယောက်ပုံသဏ္ဌာန် တဖြည်းဖြည်းပေါ်လာတယ်၊ တစ်ယောက်ကယောကျ်ား တစ်ယောက်ကမိန်းမ၊ ရုပ်လက္ခဏာက အင်္ဂလိပ်လူမျိုးတွေ၊ မိန်းကလေးကဆံပင်နီရွှေနဲ့ မျက်လုံးပြာနဲ့ ယောကျ်ားကလည်း ဒီအတိုင်းပဲ။ ဒီလိုနဲ့ကြည့်ရင်းကြည့်ရင်းနဲ့ နည်းနည်းထင်ရှားလာပြီး သူတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ဖက်ထားရာက မီးတောက်တွေထဲမှာ ရုန်းမဲ့ တွန့်လိမ်ပြီး ဝေဒနာခံစားရပုံတွေဟာ ကျုပ်မျက်စိထဲမှာ အခုထက်ထိ မြင်ယောင်နေပါသေးတယ် ကိုတင်မောင်ရယ်။ အဲဒီမြင်ရပြီးတဲ့နောက် ချက်ချင်းလိုပဲ ပုံသဏ္ဌာန်နှစ်ခုဟာ သူတို့ထွက်ပေါ်လာတဲ့ အတိုင်းတဖြည်းဖြည်း မှိန်မှိန်သွားပြီး ပျောက်ကွယ်သွားတာပဲ။ အဲဒီအခါမှာ ကျုပ်လည်း ဖျတ်ခနဲ့သတိရလာပြီး သေနတ်မောင်းကို ၂ချက်ဆင့်ပြီး ဆွဲချလိုက်တယ်"

ကျွန်တော် ။ "ပစ်လိုက်ရမှန်းတောင် မသိဘူး ဆိုပါတော့"

တန် ။ "ဟုတ်တာပေါ့ဗျာ နိုးနေသလိုလို အိပ်ပျော်

နေသလိုလိုပါပဲ။ နိုင်ငံကနဲ့ဆိုမှ ကောင်းကောင်းသတိရတယ်ဆို ပါတော့၊ ကျုပ် သေနတ်သံနဲ့ မရှေးမနှောင်းပဲ စားပွဲပေါ်က ဖျစ်...ဂျရမ်...ဂျမ်...ဖွပ်"ဆိုတဲ့ အသံတွေကြားရပြီး ကျုပ်လည်း ဓာတ်မီးခလုတ် ဖွင့်ကြည့်လိုက်တော့ ဖန်တခေါင်းကလေး လေးစိပ်လေးမှာ ကွဲပြီး ကြမ်းပြင်ပေါ်မှာ အစအနတွေပြန့်ကြဲ နေပါပြီ။ အိမ်ပေါ်က သေနတ်သံကြားတာနဲ့ အဒေါ်ကြီးရော မားဂရက်ရော ဆင်းပြေးလာကြတယ်။ မားဂရက်ဟာ ကြမ်းပြင်ပေါ်မှာ ပြန့်ကြဲနေတဲ့ ဖန်တခေါင်းအကွဲ အစအနတွေ ကြည့်ပြီးသတိလစ်သွားရှာတယ်၊ ကျုပ်နဲ့အဒေါ်ကြီးကမျက်နှာကို ရေနဲ့ဖျန်းဖျန်းပက်ပေးပြီး အတန်ကြာပြုစုမှ သတိရလာတယ်။

ကျွန်တော် ။ "အင်း.... နမြောလည်း နမြောမှာပေါ့ဗျာ"

တန် ။ "နို့ပေမယ့် ဒီကတည်းကစပြီး သူတို့အိမ်မှာ ဘယ်လိုအနှောက်အယှက်မှ မတွေ့ရတော့ဘူးဗျ။ ဒါနဲ့ ကျုပ်လည်း သိတဲ့အတိုင်း ပညာဆက်သင် ဒီဂရီယူပြီး အစိုးရပညာတော်သင်အဖြစ်နဲ့ အိုင်ယာလန်ပြည် ဒဗ္ဗလင်းမြို့ တက္ကသိုလ်မှာ ဆေးပညာကိုဆက်လက်သင်ခဲ့တယ်။ ဒီနောက်မြန်မာပြည် ပြန်လာမယ့်နှစ်မှာပဲ ကျုပ်တို့ကျောင်းက ကျောင်းနေဘက်မိတ်ဆွေ တစ်ယောက်က ခေါ်တာနဲ့ လန်ဒန်ကို အလည်ရောက်တာကိုဗျ။ ဒါနဲ့ (........)ပြတိုက် ရောက်တော့ ကမ္ဘာပေါ်ရှိတဲ့ ဝတ္ထုပစ္စည်း အမျိုးမျိုးထဲက အဆန်းအပြားတွေ သူ့နေရာနဲ့သူ သူ့ရာဇဝင်နဲ့သူ ထားတာကို ကိုတင်မောင်ရဲ့။ ဒီပြတိုက်က အခြားပြတိုက်လို သာမာန် အထူးအဆန်းထားရုံမဟုတ်ဘူး။ သမိုင်းဝင်ပစ္စည်းတွေ၊ လူကိုနိုက်တယ်ဆိုပြီး အိမ်မှာ သိမ်း

မထားဝံ့လို့ လာအပ်တဲ့ ပစ္စည်းမျိုးတွေ၊ ကျောက်မျက်ရတ
တွေ၊ ဆေးပညာနဲ့ ပတ်သတ်လို့ ရှာဖွေစမ်းသပ်ပြီး ရ
ပစ္စည်းမျိုးတွေ၊ လူ့သတ်လက်နက် အမျိုးမျိုးတွေ သူ့ရာဇ
နဲ့သူ နေသားတကျထားတဲ့ ပြတိုက်ကိုဗျ။ ဒါနဲ့ ပန်းကန်
ဖန်ခွက်၊ ဖန်ခွက်တွေထားတဲ့ ဘက်ရောက်သွားတော့ ပန်း
တဲ့ ဖန်တခေါင်းတလုံး သွားလည်းတွေ့ရော ကျုပ်လည
မားဂရက်တို့အိမ်က အဖြစ်အပျက်ကလေး ချက်ချင်းပြေး
သတိရမိတာပဲဗျို့။ တကတည်းဗျာ ကျုပ်တွေ့ရတဲ့ဖန်တခေါ
ကလေးဟာ မားဂရက်တို့အိမ်မှာ ကျုပ်သေနတ်နဲ့ပစ်ခွဲခဲ့
ဖန်တခေါင်းကလေးနဲ့ ချွတ်စွပ်ထားသလို တထေရာထဲတူ
တာတွေ့ရတာကိုဗျ၊ ဒါနဲ့ ကျုပ်လည်း အစောင့်စာရေးကတ
ဆင့် ပြတိုက်မှူးဆီကိုသွားပြီး ဒီဖန်တခေါင်းကလေး အကျ
မေးတော့မှ သူကဖိုင်တွဲတစ်ခု ထုတ်ပြလို့ ဒီဖန်တခေါ
ကလေးအကြောင်း သိရတယ်၊ အဲဒီတော့မှ ကျုပ်မှာပိုပြီး အံ့
မိတယ် ကိုတင်မောင်ရေ...

"ကျုပ်လည်း ပြတိုက်မှူးဆီက ကူးခဲ့တာ၊ ပေး
စာရွက်တွေဟာ ကျုပ်လက်ရေးနဲ့ ကူးလာတဲ့မှတ်ကို လက်နှိပ်စ
နဲ့တဆင့် ကူးရိုက်လာတဲ့ စာရွက်တွေပါပဲ၊ ဘယ်လိုထူးဆ
တယ်၊ ပြီးတော့ တစ်ခုနဲ့တစ်ခု ဘယ်လို အဆက်အသွ
ရှိတယ်ဆိုတာ ခင်ဗျားဖတ်ကြည့်တော့ သိပါလိမ့်မယ်။ ကို
ဒီစာရွက်တွေ ယူသွားပေတော့ ကိုတင်မောင်"

အိမ်သို့ ပြန်ရောက်၍ ကျွန်တော်လည်း ကိုသိန်းတ
ကိုယ်တိုင် လန်ဒန် ပြတိုက်မှ ကူးယူခဲ့သည့် စာမှမှာလက်
စက်ကြီးဖြင့် ရိုက်ထားသောစာဘီကို ဖတ်ကြည့်ရာ အဖြ

စိတ်ဝင်စားဖွယ် ကောင်းသော အောက်ပါအတ္ထုပ္ပတ္တိကလေးကို တွေ့ရပါကြောင်း။

| | |
|---|---|
| ဖွည်းအမှတ် | ၃၁၀၆၉၉ |
| ဖွည်းအမည် | ပန်းစိုက်သော ဖန်ပန်းအိုး (ဖန်တာကေါင်း) |
| တန်ဘိုးငွေ | ရွှေဒင်္ဂါးပြား ၂၀ |
| လှူဒါန်းသူ | မစ္စတာရစ်ချက် |

၎င်းပန်းအိုးကလေးသည် လန်ဒန်မြို့(........)ပြတိုက်သို့ လှူခဲ့သော ၁၉— ခုနှစ်တွင် မာချက်စတာမြို့နေ မစ္စရစ်ချတ်ဆိုသူ မိန်းမတစ်ယောက်က လာရောက်အပ်နှံလှူဒါန်းသဖြင့် ရရှိခဲ့သည်။

၎င်း၏ရာဇဝင် အတိုချုပ်မှာ သက္ကရာဇ် ၁၉၁၀ ခုနှစ်လောက်တွင်(    )ဘွဲ့ရ သတ္တုဗေဒဆိုင်ရာ အင်ဂျင်နီယာကြီး ဒီအိပ်ချ်ဖူးလား ( D.H.Fuller) ဆိုသူသည် အီဂျစ်ပြည် ရှအက်မြို့၏ အနောက်မြောက်ဘက် သဲကန္တာရအတွင်းရှိ အိုအေစစ်ခေါ် ရေနှင့်စိမ့်စမ်း တောတောင်များရှိရာ အရပ်ဖြစ်သော တောထဲတွင် နောက်ပါတပည့် တစ်ယောက်နှင့် အမဲလိုက်နေစဉ် ၎င်းတော၏ အလယ်တွင် လူ၏ဦးခေါင်းနှင့်တူသော တောင်ပုတမှာ ကျောက်သားကောတ် ဖြစ်၍ ထိုတောင်ပုတ၏ ခြေရင်းတွင် မှိုပွင့်များကဲ့သို့သဲထဲမှ အလိုအလျောက် ထိုးထွက်နေသော ကျောက်တက်များကို ကံအားလျော်စွာ တွေ့ရလေသည်။ ၎င်းကျောက်တက်ကြီးများမှာ တစ်ပွင့်လျှင် လူတစ်ရပ်ခန့်မျှ ကြီးမားလှပေရာ မစ္စတာဖူးလားသည် ထိုကျောက်တက် ကျောက်ခက်ကြီးများ၏ နေပုံ ထိုင်ပုံ ထူးဆန်းလှသဖြင့် အနီးသို့ချဉ်းကပ်ကြည့်ရှုသောအခါ ဖန်ချက်ရန် အလွန်ကောင်းသော သတ္တုတစ်မျိုးပါဝင်ကြောင်း တွေ့ရှိရလေသည်။ ဆရာကြီး၏ အဆိုမှာ ၎င်းသတ္တုမျိုးကဲ့သို့ ဖန်ချက်ရန်ကောင်းသော သတ္တုမျိုးကို မည်သည့်အခါကမျှ ဤကမ္ဘာပေါ်တွင်မတွေ့ရသေးချေ။ မည်သူတစ်ဦးမျှလည်း ဤမျှလောက် ကောင်းမွန်လှသော ဖန်ကျောက်ကို ရရှိလိမ့်မည်ဟု မမျှော်လင့်မိချေ။ ထိုကျောက်ပွင့်ကျောက်ခက်ကြီးများမှာ ကမ္ဘာပေါ်တွင် အထူးဆန်းဆုံးသော အရာပင် ဖြစ်ချေသည်။ ၎င်းကျောက်ကို ချက်သောအခါ အရောင်(၇)မျိုးထွက်သော ဖန်သတ္တုကို ရရှိလေသည်။

ဆရာကြီးသည် ထူးဆန်းသော ကျောက်ပွင့်ကြီးများမှ နမူနာအနည်းငယ်ရအောင် ခွဲယူပြီးလျှင် အီဂျစ်ပြည်၏ မြို့တော် ကိုင်ရိုမြို့သို့ရောက်ခဲ့၏။ နောက်တစ်နေ့၌ပင် ၎င်းမြို့မှ ဝန်တင်ကုလားအုပ် ၆ စီးငှားရမ်းပြီးလျှင် ထိုနေရာသို့ပြန်လာ၍ တန်ချိန်တဝက်မျှရအောင်တင်ဆောင်ခဲ့ပြီးနောက် ကိုင်ရိုမြို့မှတဆင့် အင်္ဂလန်ပြည်ရှိ မာချက်စတာမြို့သို့ ပို့လေသည်။

မာချက်စတာမြို့သို့ရောက်သောအခါ မိမိနှင့်အလွန်ကျွမ်းဝင်သော "ရစ်ချက်သွန်ပဆင်" ကုမ္ပဏီပိုင် ဖန်ဖို၊ ဖန်ခွက်များကိုလုပ်ကိုင်ရောင်းချနေသော သူဌေးကြီး "မစ္စတာရှိသွန်ပဆင်" အား အကြောင်းမျိုးစုံကို ပြောပြရာ သူဌေးကြီးလည်း ကျောက်ပွင့်များကိုမြင်သည်နှင့်တစ်ပြိုင်နက် လွန်စွာပင် အားရရွှင်လန်းလျက် ဤကျောက်မှ တန်ချိန် တစ်တန်လျှင် အဖိုးငွေ ပေါင် ၅၀၀ နှင့်ဝယ်ယူမည်ဖြစ်ကြောင်း ပြောဆိုလေသည်။

မစ္စတာဖူးလားသည် စမ်းသပ်ရန် မိမိယူဆောင်လာသော တန်ချိန်တဝက်မျှရှိသည့် ကျောက်ပွင့် ကျောက်ခက်များ

ကို သူဌေးကြီးနှင့်တိုင်ပင်၍ စက်ဖြင့် အမှုန့်ကြိတ်ပြီးသော အခြားဖန်ချက် အင်ဂျင်နီယာများနှင့် အကူအညီဖြင့် ၁၀ ပေ ပတ်လည်ရှိသော သံကန်ကြီးထဲတွင် အပူဒီဂရီအမြင့်ဆုံးထိပေးလျက် ပွက်ပွက်ဆူအောင် ကျိုချက်လျက်ရှိလေသည်။ အလုပ်ရုံတွင် ဤထူးဆန်းသောဖန်သတ္တုတစ်မျိုးကို ကျိုချက်သောနေ့၌ သူဌေးကြီး မစ္စတာသွန်ပဆင်၏ နေအိမ်တွင် သတ္တုတွင်းအင်ဂျင်နီယာကြီး မစ္စတာဖူးလားနှင့်၎င်း၏ မိတ်ဆွေအချို့သည် မိမိတို့တွေ့ရှိသော သတ္တုအသစ်များအတွက် ဝမ်းမြောက်သောအထိမ်းအမှတ်အဖြစ်ဖြင့် ညစာစားပွဲစားလျက် ရှိကြကုန်၏။

အကြောင်းဆိုစည်းသဖြင့် ထူးဆန်းသော အဖြစ်အပျက်တစ်ခု ထိုည၌ ဖြစ်ပျက်လာပုံကား အောက်ပါအတိုင်းဖြစ်၏။

ဖန်ချက်စက်ရုံနှင့် မလှမ်းမကမ်းရှိ အိမ်တစ်အိမ် တွင် အသက် ၁၆ နှစ်အရွယ်ရှိ မိန်းမပျိုလေးတစ်ယောက်သည် ၎င်း၏ ရည်းစားနှင့်အလွန်အကျွံ ချစ်ကြိုက်ခဲ့ပြီးနောက် ထိုည၌ မိဘသဘောမတူဘဲ ထွက်ပြေးရန် သဘောတူညီခဲ့ကြလေသည်။

ထိုညသည်ကား အထူးသဖြင့် မှောင်မိုက်သောညဖြစ်၍ နှီးကလေးသည်လည်း တဖွဲဖွဲရွာလျက် မိုးသက်လေကလေးသည်လည်း တသုန်သုန်တိုက်ခတ်လျက်ရှိလေ၏။ ည ၁၂ နာရီအချိန်သည် လွန်စွာပင် တိတ်ဆိတ်လျက် တခါတရံ အဝေးမှ တစ်ချက်တစ်ချက်မှုတ်လိုက်သော မီးရထားဥသြသံသည်လည်းကောင်း၊ သစ်ပင်များမှ ရိုက်ခတ်သော လေသံများ

သည်လည်းကောင်း၊ ဆိတ်ငြိမ်ခြင်းကို ဖျက်ဆီးသကဲ့သို့ရှိလေ
၏။ ၁၂ နာရီထိုးသည်နှင့် တပြိုင်နက်၎င်းအိမ်မှ မည်းနက်
သော သဏ္ဍာန်နှစ်ခုသည် "ရစ်ချက်သွန်ပဆင်" ဖန်ချက်
အလုပ်ရုံ ကုမ္ပဏီရှိရာသို့ ရှေ့ရှုလျက်လာလေ၏။ ၎င်းသဏ္ဍာ
နှစ်ခုမှာ ထွက်ပြေးလာသော ယောကျာ်းကလေးနှင့်မိန်းကလေ
ပင်ဖြစ်လေသည်။ တစ်ခဏမျှကြာလျှင် ပုလိပ်သားနှစ်ယောက
နှင့်အတူ အရပ်ဝတ်အရပ်စားနှင့် လူ ၃-၄ ယောက်သည် ထွက
ပြေးလာသော လူ(၂)ယောက်နောက်သို့ လိုက်လာကြ၏။ မည်
နက်သော သဏ္ဍာန်နှစ်ခုသည် လမ်းကြားကလေးများမှ ကျေ
ကောက်ပြီးလျှင် မီးလင်းလျက်ရှိသော ဓာတ်မီးတိုင်များက
ရှောင်ရှားနိုင်သမျှ ရှောင်ရှား၍ ဖန်ချက်စက်ရုံဝင်းအတွင်းသ
ဝင်မိကြလေ၏။ နောက်မှလိုက်လာသော သူများသည
တဖြည်းဖြည်းနီးကပ်၍ လာလေရာ ဖန်ချက်စက်ရုံ အတွင်း
မှုကား အတော်အတန်ဓာတ်မီးများ ထိန်လင်းလျက်ရှိသဖြ
သမီးရည်းစား နှစ်ယောက်တို့သည် တစ်ခုသော ရှောင်တစ်ခု
ကပ်ပြီးလျှင် နောက်မှလိုက်လာသူများ၏ အသံသည်လည
နီးကပ်သည်ထက် နီးကပ်၍လာလေ၏၊ မှောင်ရိပ်တွင် ရ
လျက်ရှိသော သဏ္ဍာန် နှစ်ခုအနက် တစ်ခုသောသဏ္ဍာန်
ဖန်ချက်စက်ရုံ၏အနောက်ပိုင်းရှိ ဖန်ရည်ကျိုသော အဆော
အဦး၏ အပေါ်ထပ်သို့ လက်ညှိုးညွှန်ပြပြီးလျှင် ယောကျ
သည် မိန်းမ၏လက်ကို ဆွဲပြီးလျှင် ခေါင်မိုးသို့တက်သေ
လှေကားမှ နှစ်ယောက်သားလျှင်မြန်စွာ တက်၍သွားသည်
မြင်လိုက်ရ၏။

ထိုအခါမှစ၍ ၎င်းသမီးရည်းစား နှစ်ယောက်အ

မည်သူမျှ မတွေ့မမြင်တော့ချေ။ ၎င်းတို့နောက်မှ လိုက်လာသူများမှာလည်း အလွန်ကျယ်ဝန်းသော ဖန်ရည်ကျိုစက်ရုံကြီးကို လှည့်ပတ်ရှာဖွေပြီးလျှင် မည်သူတစ်ဦးတစ်ယောက်မျှ ၎င်းသမီးရည်းစားနှစ်ဦး၏ ကံကြမ္မာကို မတွေးတော့ဘဲ စက်ရုံမှအခြားတစ်ဖက်သို့ သွားသောလမ်းတစ်လမ်းသို့သာ လျှောက်၍ သွားကြကုန်၏။ နောက်တစ်နေ့ နံနက်လင်းသောအခါ ဖန်ရည်ကျိုသော ဒယ်အိုးကြီး၏ အပေါ်တည့်တည့်၌ အလင်းရောင်ရရန် တပ်ဆင်ထားသော မှန်ချပ်ကြီးသည် ကွဲပြီးလျှင် ၎င်း၌ လူဆံပင်များ ငြိတွယ်လျက်ရှိသည်ကိုလည်းကောင်း၊ ဒယ်အိုးကြီး၏ နံဘေးတွင်လည်း ဦးထုပ်တစ်လုံးကို လည်းကောင်းတွေ့ရှိရသဖြင့် ၎င်းတို့၏ ဆိုးသွမ်းကြောက်မက်ဖွယ်ကောင်းသော ကံကြမ္မာကိုမူကား တွေးတော၍ မကြည့်ဝံ့နိုင်အောင်ပင် ရှိချေ၏။

၎င်းဒယ်အိုးကြီးတွင် ကျို၍ထားသော ဖန်ရည်များမှာ ဖန်အိုးနှစ်လုံးသာလျှင် နမူနာအဖြစ်ဖြင့် ပြုလုပ် ရပြီးလျှင် နောက်တစ်နေ့၌ ကျို၍ထားသော ဖန်ရည်များမှာ ထူးဆန်းစွာ အလိုအလျောက် ခန်းခြောက်၍သွားလေသည်။ ၎င်းဖန်အိုးနှစ်လုံးကို လုပ်သောသူထံမှ အလုပ်သမားတစ်ယောက်မှာ ဖန်ရည်လောင်၍ လက်ယာဖက် လက်ကို လက်ကောက်ဝတ်မှ ဖြတ်ပစ်ရလေသည်။ သတ္တုကို ပထမတွေ့ရှိသူ အင်ဂျင်နီယာဆရာကြီးမှာ မကြာမီ ကိုယ်တစ်ခြမ်းသေသောရောဂါ စွဲကပ်ပြီးလျှင် ထိုအကြံအစည်ကို ဆက်လက်၍ မကြံစည်နိုင်တော့ဘဲ ၎င်းရောဂါနှင့်ပင် ၃ လအတွင်း အနိစ္စရောက်ရှာလေသည်။ သူဌေးကြီး မစ္စတာသွန်မဆင် မှာမူကား ပစ္စည်းဥစ္စာများ တဖြည်းဖြည်း ရှေ့လျော့ပြီးလျှင် နောက်ဆုံး၌ လေသင်တုန်းရောဂါနှင့် ရုတ်တရက်သေဆုံးရလေသည်။

၎င်းဖန်အိုးကလေး ၂ လုံးမှာ သူဌေးကြီး၏သားအကြီးဆုံး "အာရသွန်ပဆင်" ဆိုသူက အမွေဆက်ခံပြီးလျှင် ထိုသူသည် ၎င်းပစ္စည်းရောက်သည်မှစ၍ ဒုက္ခအမျိုးမျိုးများကို တွေ့ကြုံခံစား ရပြီးလျှင် ပထမဦးစွာ မိမိ၏ကလေးတစ်ယောက်ကို မော်တော်ကားတိုက်၍ သေဆုံးခြင်း ခံရပြီးလျှင် နောက်များမကြာမီ အီတလီပြည်တွင် နှလုံးရောဂါဖြင့် အနိစ္စရောက်ရှာလေသည်။

ထိုပစ္စည်းသည် ထိုမှတဖန် ဆင်းသက်ခဲ့၍ ကွယ်လွန်သူ "အာရသွန်ပဆင်" ၏ဇနီး "မစ္စသွန်ပဆင်" လက်သို့ ရောက်ရှိခဲ့ပြန်ရာ "မစ္စသွန်ပဆင်" လည်း ၂ ကြိမ်မျှ ဓားပြတိုက်ခံရခြင်း၊ အိမ်ကိုလူဆိုးများ မီးရှို့မည်ကြံစည်ခြင်း စသောဘေးဒုက္ခများ ခံခဲ့ရသည်အပြင် ညတိုင်းလိုလိုပင် ကြောက်မက်ဖွယ်ကောင်းသော အိပ်မက်ဆိုးကြီးများကို မြင်မက်သဖြင့် ၎င်းဖန်ပန်းအိုး ၂ လုံးကို လေလံဆိုင်သို့ သွားရောက် အရောင်းချိန်းရာ တစ်လုံးကို ၎င်းမြို့နေ "မစ္စရစ်ချက်" ဆိုသူ မိန်းမတစ်ယောက်က ရွှေဂါး ၂၀ ပေး၍ ဝယ်သွားလေသည်။

ထိုမိန်းမကြီးသည် ပန်းတခေါင်းကလေးကို လွန်စွာနှစ်သက်လှသဖြင့် ပန်းများစိုက်ပြီးလျှင် မိမိအိပ်ရာ အနီး၌ထားပြီးအိပ်ရာ တစ်ညတွင်တစ်စုံတစ်ယောက် ပုတ်၍နှိုးလိုက်သကဲ့သို့ အိပ်ရာမှလန့်၍နိုးသဖြင့် ကြည့်လိုက်သောအခါ ပန်းတခေါင်းမှ မီးခိုးများထွက်နေသည်ကို ၂ ကြိမ်တိုင်တိုင်မြင်ရကြောင်း၊ သို့နှင့်သွေးလန့်ကာ မစားနိုင်မသောက်နိုင်ဖြစ်ပြီး

နောက် ၃ လခန့်ဆရာဝန်များနှင့် ဆေးဝါးကုသခရရကြောင်း၊ ထိုအခါမှစ၍ ပန်းတာဂေါင်းကလေးကို အိမ်တွင်မထားဝံ့တော့ပဲ ဤပြတိုက်သို့လာရောက်အပ်နှံခဲ့လေသည်။ သို့သော် ထိုပန်းနိုက်ဖန်တာဂေါင်းကလေးမှာ ဤပြတိုက်ဖြစ်သည့်အချိန်မှစ၍ လွန်စွာ လှပတင့်တယ်သည်မှတစ်ပါး အခြားထူးခြားချက်တစုံတရာ မတွေ့ရတော့ပေ။

ကျန်ဖန်တာဂေါင်း တစ်လုံးကို လန်ဒန်မြို့နေ စစ်ဗိုလ်တစ်ဦးက ဝယ်ယူသွားသည်ကြောင်းသိ၏။ စစ်ဗိုလ်မှာ ဘယ်လကီယန်ပြည် "မုန်း" စစ်ပွဲတွင် ကျဆုံးသွားကြောင်း သိရ၏။ ဖန်တာဂေါင်းကလေးကိုမူ သူမသေမီကပင် အိန္ဒိယပြည်အရှေ့တွင် နေထိုင်သော သမီးတစ်ယောက်ထံ ပေးပို့ခဲ့သည်ဟု ကြားသိရ၏။

ထိုဖန်ကျောက် သဗ္ဗာမျိုးကို ဆရာကြီးတွေ့ရှိခဲ့ သောမှုလနေရာမှာ အီဂျစ်ပြည် ရှေးဘုရင်တစ်ပါး၏ သင်္ချိုင်း ဟောင်းနေရာဖြစ်၍ "ကာရို" မြို့မှ စူးအက် တူးမြောင်းသို့ ဝန်တင်ကုလားအုပ်များဖြင့် ဖြတ်သန်းသွားသော "အာမင်နီယံ" လူမျိုးများနှင့် "အာရပ်" လူမျိုးများသည် တခါတရံ ညဥ့်အချိန်များ၌ ထိုကျောက်တောင်မှုတခု မီးတောက် မီးလျှံကြီးများ ကောင်းကင်သို့ တိုးထွက်နေသည်ကို တွေ့မြင်ရဘူးကြောင်း ပြောပြသဖြင့် သိရလေသည်၊

(ဤတွင် ဖန်တာဂေါင်းကလေး အဏ္ဏုဗ္ဗတ္တိပြီးဆုံးပါပြီ)